# ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းများအရှိန်အဟုန်မြှင့်တင်ရေး

# အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲအစီရင်ခံစာ

**ကျင်းပသည့်နေရာ၊ အချိန်**

**– MICC II၊ နေပြည်တော်။ (၁၂-၆-၂၀၁၉) ရက်နေ့မှ (၁၃-၆-၂၀၁၉) ရက်နေ့အထိ**

**ရည်ရွယ်ချက်**

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် မူးယစ်ဆေးအန္တရာယ်ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်သောက်သုံးမှုကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျှော့ချရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများတွင် ဂိမ်းအလွန်အကျွံစွဲလမ်းမှု ပပျောက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးလှုပ်ရှားမှု အသွင်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်၊

၂။ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားနှီးနွှယ်ဆက်စပ်သည့် ဌာနများ၊ အဖွဲ့အစည်းများပါဝင်၍ ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းများအား အမှန်တကယ်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ် စီမံချက်တစ်ရပ်ရေးဆွဲရန်။

**အခမ်းအနားကျင်းပသည့် အစီအစဉ်**

| Time | Theme | Speaker |
|---|---|---|
| Wednesday, 12. June | | |
| 9:00 | **Registration.** | |
| 10:00-11:00<br><br><br>11:00-11:20 | **Speech by the State Counsellor**<br>**Photo Session**<br>**Booths Inspection** | |

| | | |
|---|---|---|
| 11:20-11:40 | Coffee/tea break | |
| 11:40-12:00 | **Speech by HE UM MOHS** | |
| 12:00-13:00 | **Speech by HE UM MOE** | |
| 13:00-14:30 | | |
| | **Lunch** | |
| 14:30-14:45 | Presentation on focussed areas (Tobacco, Alcohol, ) | |
| 14:45-16:15 | Alternative presentation by 2 Ministries)- Chaired by Dy.M Dr. Mya Lay Sein followed by discussion | |
| | **Tea break** | |
| 16:15-16:30 | Presentation on focussed areas (Drug, RTA ) Alternative presentation by 2 Ministries)- Chaired by Dr. ThetKhine Win followed by Discussion | |
| | Presentation by Yangon Regional Health Department: Establishment of Health Promoting School Teams at 60 selected schools in Yangon Region | |
| Thursday,13. June | | |
| 09:00-10:00 | Presentation on focussed areas (CSE) Alternative presentation by 2 Ministries)- followed by discussion & Chaired by Dr. TharTunKyaw | |
| 10:00-10:15 | Tea break | |
| 10:15- 12:00 | Presentation on focussed areas (Healthy Life Style, Game) Alternative presentation by 2 Ministries)- followed by | |
| 12:00-13:00 | discussion & Chaired by Dr. TharTunKyaw | |
| | **Lunch** | |
| 13:00-15:00 | | |
| | Presentation by 5 Departments (20 min each) Chaired by Dy Minister (MOE) | |
| 15:00-16:30 | Followed by Discussion | |
| 16:30-17:00 | | |
| | **Panel Discussion and Q&A** | |
| | **Closing** | |

**အခမ်းအနားတက်ရောက်သူများ**

အခမ်းအနားသို့နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး များ၊ ပညာရေးဝန်ကြီးဌာနမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသား သမဂ္ဂ၊ ဆရာသမဂ္ဂများနှင့် မိဘဆရာအသင်းကိုယ်စားလှယ်များ၊ UN/INGO/NGO များမှ ကိုယ်စားလှယ် များ၊ သတင်းမီဒီယာများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များစုစုပေါင်း (၈၇၀)ဦး တက်ရောက်ခဲ့ကြပါသည်။

**တင်ပြဆွေးနွေးချက်များ**

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ကျောင်းကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် အခန်းကဏ္ဍကို တာဝန်ယူပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နည်းပညာများ ပံ့ပိုးခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုများပေးခြင်း စသည့်အခန်းကဏ္ဍတွင် တာဝန်ယူဆောင်ရွက်လျက် ရှိပါ ကြောင်း၊ (GSHS)ကို (၂၀၀၇)ခုနှစ်တွင်တစ်ကြိမ်၊ (၂၀၁၆) ခုနှစ်တွင်တစ်ကြိမ် ပြုလုပ်ခဲ့ပြီး ရလဒ်များကို နှိုင်းယှဉ်ကြည့်ပါက ကျန်းမာရေးနှင့် မညီညွတ်သော အလေ့အကျင့်များ သိသိသာသာ မြင့်တက်လာကြောင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်၍ ဆေးလိပ်၊ ကွမ်းယာနှင့် အရက်တို့၏ အန္တရာယ်ဆိုးကျိုးကို ပိုမိုသိရှိလာမည်ဟု ယူဆရချိန်တွင် သုံးစွဲမှုမြင့်တက်လာခြင်း၏ ဇာစ်မြစ်ကို သိရှိရန် လိုအပ်ကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ဥပဒေအရ အရေးယူခြင်း အားနည်း နေကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် (၁၉၉၆) ခုနှစ်မှစတင်ပြီး ကမ္ဘာ့ကျန်း မာရေးအဖွဲ့၏ ကျန်းမာရေးအဆင့်မြှင့်ကျောင်း မူဘောင်များကို အခြေခံ၍ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များကို ချမှတ် အကောင်အထည်ဖော်လျက်ရှိသော်လည်း အခြေခံပညာကျောင်း များ၏ (၄၂)ရာခိုင်နှုန်းသာ ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ဘဏ္ဍာရေးအခက်အခဲနှင့် ကျွမ်းကျင်သော ဆရာ/ဆရာမ များ မလုံလောက်ခြင်းတို့အပြင် ရပ်ကွက်/ကျေးရွာက ဝိုင်းဝန်းကူညီပံ့ပိုးမှုများလည်း လိုအပ် ကြောင်း၊ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်သည် အလွန်အရေးကြီးသော်လည်း အခြေခံ

ပညာကျောင်းများတွင် ဝန်ထမ်းနှင့်သင်ကြားမှု အထောက်အကူပြုပစ္စည်းများ လိုအပ်ချက်၊ ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၏ စိတ်ပါဝင်စားမှု အားနည်းမှုများကြောင့် သင်ကြားမှု အားနည်းလျက်ရှိကြောင်း၊ ဂိမ်းအလွန်အကျွံ ကစားခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့သည် ဆက်နွယ်နေကြောင်း၊ ကျန်းမာရေးကို နှစ်ဖက်စလုံးမှ ထိခိုက်နိုင်ကြောင်း၊ ကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းများသည် အကုန်အကျ သက်သက်သာသာနှင့် အကျိုးသက်ရောက်မှု အများဆုံး ကျန်းမာရေးလုပ်ငန်းများ ဖြစ်ကြောင်း၊ ကာယပညာ (Physical Education) ကိုလည်း အထူးအလေးထား ဆောင်ရွက်သင့်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အဆင့် မူဝါဒများချမှတ်ပြီး ဆောင်ရွက်ကြရန်လိုအပ်နေသေးသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

၂။ ဖွင့်ပွဲအခမ်းအနားပြီးနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားရာတွင် အမျိုးသားကျန်းမာရေးစီမံချက်(၂၀၁၇-၂၀၂၁) (National Health Plan (2017-2021)) အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယခုနှီးနှောဖလှယ်ပွဲမှ ရရှိလာမည့် ရလဒ်များပေါ်မူတည်၍ စီမံချက်တစ်ခုချမှတ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာ ပညာရှင်များပူးပေါင်း၍ situation analysis, objectives, strategies, activities စနစ်တကျစီမံချက် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် WHO, UNICEF, UNDP, NGO, CBO အဖွဲ့အစည်းများလည်း ပါဝင်သင့်ကြောင်း၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် checklist များပြုစု၍ ဆောင်ရွက်သည့်လုပ်ငန်းများကို Implementation Research များ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေး၊ အားကစား၊ ပညာရေးဦးစီးဌာနမှူးများက အဓိကဦးဆောင်ပြီး ကျောင်းအုပ်ကြီးများ၊ ဆရာများ၊ မိဘဆရာအသင်း (PTA)များ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များက ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း၊ တက္ကသိုလ်များတွင် ပါမောက္ခချုပ်များ၊ pro-rectors, faculties များအပြင် တက္ကသိုလ်များရှိ ကျောင်းသားသမဂ္ဂအဖွဲ့အစည်းများမှ ဦးဆောင်ရမည်ဖြစ်ကြောင်း၊ ကျောင်းသားဟုဆိုရာတွင် ဘုန်းတော်ကြီးသင်

ပညာရေးကျောင်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လက်အောက်ရှိကျောင်းများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ကျောင်းများလည်း ပါဝင်ရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စိတ်ကျန်းမာရေးကောင်းမွန်ရန်နှင့် အဘက်ဘက်ကတွေးတောဆင်ခြင်နိုင်ပြီး cognitative development ရရှိရန်အတွက် အထောက်အကူ ပြုသည့်အားကစားနည်းများကို အားပေးသင့်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် လုပ်ငန်းအောင်မြင်ရန်အတွက် လူမှုရေးဝန်ကြီးများ ဦးဆောင်ပေးစေလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် လူမှုရေးဝန်ကြီးများ ဦးဆောင်သည့်ကော်မတီများ ဖွဲ့စည်းရန် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့တင်ပြ၍ ခွင့်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် စံပြကျောင်း၏ပြိုင်ပွဲများပြုလုပ်၍ health promoting school ဖြစ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့်National level ပြိုင်ပွဲများပြုလုပ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီသောကျောင်းများကို ရွေးချယ်ဆုပေးရမည်ဖြစ်ကြောင်း၊ incentive and hope ရှိမှသာ ကြိုးစားဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း၊ နောင်တစ်နှစ်၊ တစ်နှစ်ခွဲအကြာတွင် summative evaluation ပြုလုပ်ပြီး လိုအပ်ပါက မဟာဗျူဟာ၊ နည်းဗျူဟာများ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများသည် ကျောင်းကျန်းမာရေးစီမံချက်၏ ပိုင်ရှင်များဖြစ်ကြောင်း၊ စီမံချက်များချမှတ်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လိုအပ်ချက်ပေါ်မူတည်၍ ကွာခြားနိုင်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေး၊ အားကစား၊ပညာရေးဦးစီးဌာနမှူးများမှ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၃။ ထို့နောက်ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကြီးက အမှာစကားပြောကြားရာတွင် ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ လုပ်မည့်သူများကို Standard Operation Procedure များနှင့် Guideline များသုံး၍သင်တန်းများ ပေးသင့်ကြောင်း၊ အာဟာရနှင့်ပတ်သက်၍ Underdeveloped ဖြစ်နေသောနေရာများမှာ မြှင့်တင်ပေးရန်လိုအပ်နေပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် National Education Strategic Plan (NESP)ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးစားပေးလုပ်ငန်း (၇)ချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ မည်သို့မည်ပုံဆောင်ရွက်ရမည်အား

အကြံပြုချက်များသည်လည်း အရေးကြီးကြောင်း၊ ကျန်းမာရေးအဆင့်မြင့်ကျောင်း လုပ်ငန်းများအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့်သူများအား ကျွမ်းကျင်ပညာရှင်များက သင်တန်းများ ပို့ချစေလိုကြောင်း၊ လုပ်ဆောင်နေသူများအတွက် ချီးမြှင့်သော စနစ်များလည်း ရှိရန်လိုအပ်ကြောင်း၊ ပညာရေးမှူးများ၊ ဦးစီးဌာနများနှင့် ဝန်ကြီးဌာနအဆင့်ဆင့်မှဆရာ၊ ဆရာမများကို လုပ်ငန်းခွင်တွင်ပျော်ရွှင်စေရေး ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ကျောင်းများတွင်လည်း ဝန်ထမ်းအင်အားအပြင် အခြားလိုအပ်သည်များအား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်နေပါကြောင်း၊လုပ်ငန်းများအောင်မြင်စေရေးအတွက်အားလုံးပူးပေါင်းပြီး zero tolerance ဖြင့်ကြံ့ကြံ့ခံဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ပါသည်။

**ကဏ္ဍအလိုက်ဆွေးနွေးတင်ပြမှုများ**

နီးနှောဖလှယ်ပွဲညနေပိုင်းတွင် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၇) ချက်၏ သက်ဆိုင်ရာခေါင်းစဉ်များအား သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက အောက်ပါအတိုင်း ဆွေးနွေးတင်ပြကြပါသည်။

| စဉ် | ခေါင်းစဉ် | ဆွေးနွေးသည့်အကြောင်းအရာများ |
|---|---|---|
| ၁ | ဆေးလိပ်သောက်သုံးမှုကင်းစင်ပပျောက်ရေး | – ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးခြင်းဆိုင်ရာဥပဒေ<br>– ဆေးလိပ်သောက်သုံးခြင်းဖြင့် တွေ့ကြုံလာနိုင်သည့် ကျန်းမာရေး၊ ငွေကြေးနှင့်သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများ<br>– မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူရွယ်များအကြား ဆေးလိပ်သောက်သုံးမှုမြင့်မားလာရသည့် အကြောင်းရင်းများ<br>– ကျောင်းသားလူငယ်များအတွင်းဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုလျှော့ချရန်လုပ်ငန်းစဉ်များ၏ ရည်ရွယ်ချက်များ၊ နည်းဗျူဟာများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် တွေ့ကြုံရနိုင်သည့် အခက်အခဲများ |
| ၂ | အရက်သောက်သုံးမှုလျှော့ချရန်နှင့်အရက်ကြောင့်ဖြစ်ပေါ်သည့်အန္တရာယ်လျှော့ချရေး | – ကျောင်းသားများအကြား အရက်သောက်သုံးမှု ပိုမိုများပြားရသည့် အကြောင်းအရာများ<br>– အရက်သောက်သုံးခြင်းအား စွဲလမ်းစေရသည့် အကြောင်းများ<br>– အရက်နှင့်ပတ်သက်သည့် ပြဿနာများအား ကာကွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများ<br>– ကမ္ဘာပေါ်တွင်အသက် (၂၀) နှစ်မှ (၃၀) နှစ်အတွင်းသေဆုံးသူ (၈)ဦးအနက် (၁)ဦးသည် အရက်သောက်သုံးခြင်းနှင့် ဆက်စပ်နေကြောင်း<br>– tax များကို ပိုမိုတိုးကောက်သင့်ပြီး ရရှိလာသည့် tax များအား ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် လုပ်ငန်းများ |

| | | |
|---|---|---|
| | | တွင် ပိုမိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း |
| ၃ | မူးယစ်ဆေးအန္တရာယ်ကင်းစင်ပပျောက်ရေး | - မူးယစ်ဆေးသည် ယနေ့ခေတ်တွင် လူငယ်တွေကြားမှာ အရလွယ်၍ အသုံးများလျက်ရှိပါကြောင်း<br>- မဟာဗျူဟာ (၂)ခုဖြစ်သော ဆေးစသုံးသောအသက်အရွယ်ကို တတ်နိုင်သရွေ့နောက်ကျနိုင်သမျှနောက်ကျအောင် ဆောင်ရွက်ရန်နှင့် အန္တရာယ်ရှိသောအချက်များကို နည်းနိုင်သမျှနည်းအောင်ဆောင်ရွက်ရန် (to reduce risk factors and to increase protective factors)<br>- ကျောင်းကိုတွယ်တာချစ်ခင်စေရန် ပြုစုပျိုးထောင်ခြင်းသည်လည်း အရေးကြီးသော ကာကွယ်ခြင်းဖြစ်ပါကြောင်း<br>- မိဘများ၏ပါဝင်မှုနှင့် အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း |
| ၄ | ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များလျော့နည်းပပျောက်ရေး | - ယာဉ်၊ လမ်းအန္တရာယ်များဖြစ်ပွားရသော အကြောင်းရင်းများမှာ ယာဉ်မောင်းသူများ လမ်းစည်းကမ်းလိုက်နာမှုမရှိခြင်း အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း၊ လမ်းခင်းကျင်းထားမှုများ နည်းပညာအားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း<br>- မြန်မာနိုင်ငံ၏လက်ရှိအခြေအနေ၊ နိုင်ငံတကာမှကျင့်သုံးနေသော နည်းဗျူဟာများ<br>- Framework for School-based Road Traffic Accident Prevention စီမံချက်၏ရည်ရွယ်ချက်များ၊ မဟာဗျူဟာများ၊ ကျန်းမာရေးအသိပညာပေးရန် ရည်ရွယ်သူများ<br>- Global Road Safety Week ဆိုင်ရာလှုပ်ရှားမှုများ တစ်ကမ္ဘာလုံးဆိုင်ရာကျင့်သုံးနေသည့် မဟာဗျူဟာ၊ နည်းဗျူဟာ (5Es) စနစ်အကြောင်း |
| ၅ | မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာပညာပေးကဏ္ဍ | - တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံများတွင် မျိုးဆက်ပွားဆိုင်ရာပညာပေးမှုများ အားနည်းနေကြောင်း<br>- တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ယခုကဲ့သို့ comprehensive sexuality education များပို့ချပေးနိုင်ရန်အတွက် ကျောင်းဆရာ/ဆရာမများအနေဖြင့် ပြောကြားနိုင်ရန် Culture Barrier အရအခက်အခဲများရှိနေသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကူအညီများစွာလိုအပ်လျက်ရှိကြောင်း<br>- CSEများသင်ကြားပေးမည်ဆိုပါကလည်း မလိုလားအပ်သည့် ဆိုးကျိုးများလည်းရှိနိုင်ကြောင်း<br>- မလိုလားအပ်သည့် Sexually Transmitted Diseases များ လျော့ကျနိုင်ရေး၊ မလိုလားအပ်သည့် ကိုယ်ဝန်ဆောင်ခြင်းများ မဖြစ်နိုင်ရေး၊ ကျောင်းသား၊ ကျောင်းသူများအကြား လူသားအခွင့်အရေးများအားသိရှိနိုင်ရေးအတွက် CSE များအား ပေးသင့်ကြောင်း WHO မှလည်း ထောက်ခံထားကြောင်း<br>- CSE များအား နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသော guideline |

| | | |
|---|---|---|
| | | များအား ကိုးကား၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီမည့် ပညာပေးမှုများ ဖြစ်ပေါ်နိုင်ရေးအတွက် ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း |
| ၆ | ကျန်းမာရေးနှင့် ညီညွတ်သည့်လူနေမှုဘဝပုံစံရရှိရေး | – Health Promoting School ၏အဓိပ္ပါယ်၊ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်လျက်ရှိသော အခြေခံလုပ်ငန်းစဉ် (၉) ချက်<br>– Health Promoting School ကို ပိုမိုအားကောင်းလာစေရန်အတွက် ကျောင်းသား၊ ကျောင်းသူ လူရွယ်များအနေဖြင့် Innovative Six Approaches ဖြင့် နေထိုင်နိုင်ရေးကို လုပ်ဆောင်ရန်<br>– ကျောင်းပတ်ဝန်းကျင်တွင် Farmer Market ကဲ့သို့သော သန့်ရှင်းလတ်ဆတ်သည့် ဈေးများဖွင့်လှစ်နိုင်ရေးအတွက် အစီအစဉ်များရှိကြောင်း<br>– ကျောင်းပတ်ဝန်းကျင်တွင် ကျောင်းသားလူငယ်လူရွယ်များ ပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် လုပ်ဆောင်သင့်ကြောင်း |
| ၇ | Game အလွန်အကျွံစွဲလမ်းမှုပပျောက်ရေး | – ဂိမ်းအကြောင်းသိကောင်းစရာများ<br>– WHO၏ Gaming Disorder နှင့် ပတ်သတ်သည်အကြောင်းအရာများ<br>– ဂိမ်းအလွန်အကျွံစွဲလမ်းခြင်းဖြင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးနှင့် ပတ်သတ်သည့် ပြဿနာများ<br>– ကျောင်းသားလူငယ်လူရွယ်များ ဂိမ်းဆော့ခြင်းအား စွဲလမ်းရသည့် အကြောင်းအရင်းများ<br>– ကျောင်းသား၊ ကျောင်းသူများ ဂိမ်းအလွန်အကျွံစွဲလမ်းမှုများအား လျှော့ချနိုင်ရန်အတွက် မူကြိုကျောင်းများ ပိုမိုဆောက်လုပ်ပေးသင့်ကြောင်း၊ အားကစားပြိုင်ပွဲများပိုမိုပြုလုပ်ပေးသင့်ကြောင်း<br>– အားကစားလုပ်ရှားခြင်းကြောင့် ရရှိနိုင်သည့် ကောင်းကျိုး (၁၆) ချက် |

ဆက်လက်၍ နှီးနှောဖလှယ်ပွဲညနေပိုင်းတွင် ဦးစီးဌာနများအလိုက် တင်ပြဆွေးနွေးခြင်းကို အောက်ပါအတိုင်းဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

– ဒေါက်တာထင်လင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(သဘာဝဘေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက Joint implenmentation of Health Promoting School ကိုလည်းကောင်း
– ဒေါက်တာမြင့်မြင့်သန်း၊ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက Monitoring and Evaluation of School Health ကိုလည်းကောင်း
– ဒေါက်တာဇော်လတ်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လေ့ကျင့်ရေး)၊ ပညာရေး၊ သုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနက အခြေခံပညာသင်ရိုးညွှန်းတမ်းများတွင် မူးယစ်ဆေးဝါး၊ ဆေးလိပ်၊ အရက်၊ ကွမ်းယာသုံးစွဲမှုများ တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊

လမ်းစည်းကမ်းနှင့် ကောင်းမွန်သောလူနေမှုဘဝဆိုင်ရာ သင်ခန်းစာများ ထည့်သွင်း ဆောင်ရွက်ထားမှုများကိုလည်းကောင်း

- ဒေါက်တာတင်မောင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အခြေခံပညာ)၊ အခြေခံပညာဦးစီးဌာနက Strengthening Health Promotion School ကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့ကြပါသည်။

သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးတင်ပြချက်များအပြီးတွင် Panel Discussion ပြုလုပ်၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး မေးမြန်းခဲ့ကြပါသည်။ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များကို ပူးတွဲတင်ပြအပ်ပါသည်။

ဆွေးနွေးမေးမြန်းချက်များအပြီးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့က နိဂုံးချုပ် အမှာစကားများပြောကြားခဲ့ပြီး အခမ်းအနားကိုညနေ (၄:၃၀) အချိန်တွင်အောင်မြင်စွာရုပ်သိမ်းခဲ့ပါသည်။

**တက်ရောက်လာကြသူများ၏ဆွေးနွေးတင်ပြချက်များ**

- **ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးခြင်းဆိုင်ရာဆွေးနွေးချက်များ**
  - Tobacco Control တွင် Law Enforcement ပြုလုပ်ရန်၊ ဥပဒေကို လူအများသိရှိအောင် ပြုလုပ်ရန်၊ ဆေးလိပ် Logo ဖြင့် Promotion လုပ်ခြင်းအားတားမြစ်ရန်၊ Tobacco Free Generation) ထူထောင်သင့်ကြောင်း
  - Global youth tobacco survey ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးခဲ့
  - စာသင်ကျောင်းများရှေ့တွင် ဆေးလိပ်ကြော်ငြာများမရှိစေရန် ပညာရေးဝန်ကြီးဌာနကို သိရှိအောင်ဆောင်ရွက်သင့်ကြောင်း
  - လက်ဖက်ရည်ဆိုင်များတွင် ဆေးလိပ် Promotion လုပ်ခြင်းအား အရေးယူဆောင်ရွက်သည့်ကိစ္စတွင် Tobacco Industry အချို့မှာ သိရှိလျက်နှင့် ဥပဒေချိုးဖောက်မှုများ ရှိနေသည့်အတွက် အထွေထွေအုပ်ချုပ်ရေး၊ ပြည်ထဲရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှသာ ရနိုင်မည်ဖြစ်ပါကြောင်း
  - အခြေခံကျောင်းများတွင် ဆေးလိပ်ကွမ်းယာမစားရကြောင်း ဥပဒေရှိသော်လည်း ကျောင်းကန်တင်းများတွင် ရောင်းချလျက်ရှိကြောင်း ဆွေးနွေးရာတွင် တွေ့ရှိရပါကြောင်း၊ ကျောင်းတွင်းတွင် မရောင်းရလျှင်လည်း အပြင်မှ ဝယ်ယူ၍ရနေပါကြောင်း၊ မသောက်ရဟု သတ်မှတ်ထားသော်လည်း သောက်နေသဖြင့် Smoking area များထားခွင့်ပြုရန် မေးမြန်းရာတွင် ဆေးလိပ်ကွမ်းယာရောင်းသည့်သူအား ကျောင်းကန်တင်းမှ ထုတ်ပယ်ရမည်ဖြစ်ပါကြောင်း၊ သီးသန့်ဆေးလိပ်သောက်ရန်နေရာ (Smoking area)အား ကျောင်းဝန်းအတွင်း ထားရှိမည်မဟုတ်ကြောင်း၊ ကျောင်းများတွင် ဆေးလိပ်ကင်းမဲ့ဇုန်တစ်ခုဖြစ်အောင် ဖန်တီးပေးရမည် ဖြစ်ပါကြောင်း

- **ကာယနှင့်အားကစားလှုပ်ရှားမှုဆိုင်ရာဆွေးနွေးချက်များ**
  - exercise is medicine, Healthy Eating and Healthy Living ဆိုသည့်အတိုင်း ကိုယ်လက်လှုပ်ရှားမှုများအား ပုံမှန်လုပ်ဆောင်သင့်ပါကြောင်း
  - အခြေခံကျောင်းတွေမှာ ကာယသင်တန်းဆရာတွေ အပြည့်အဝခန့်ထားနိုင်ခြင်းရှိ/မရှိ မေးမြန်းရာတွင် ယခုပြန်လည်၍ ကာယဆရာ/ ဆရာမများအား မွေးထုတ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ဘွဲ့မရသေးမီ လျှော့ပေါ့ပြီးခန့်ထားနိုင်ရေး စီစဉ်လျက်ရှိကြောင်း
  - ကာယသင်ထောက်ကူပစ္စည်းများ အပြည့်အဝထောက်ပံ့နိုင်ခြင်း ရှိ/မရှိနှင့် အားကစား ထူးချွန်သောကျောင်းဆရာများအား ပညာအရည်အချင်းသတ်မှတ်ချက် လျှော့ပေါ့ပြီး ခန့်ထားနိုင်ခြင်းရှိ/မရှိမေးမြန်းရာတွင် ကာယပစ္စည်းများ ဝယ်ယူရန် စီစဉ်လျက်ရှိပါကြောင်း၊ နေရာအကျယ်အဝန်းများစွာ မလိုအပ်သောပစ္စည်းများ ထောက်ပံ့ရန်ရှိပါကြောင်း
  - အခြေခံပညာကျောင်းများတွင် ကာယပညာသင်ရိုးနှင့်ပတ်သက်၍ Garde 6-9 တွင် သင်ကြားမည့် ကာယပညာသည် မည်သည့်သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပြီး ဆန်းစစ်သည့်အခါ မည်သို့စစ်ဆေးမည်နည်းဟု မေးမြန်းရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ အသက်နှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများကို သက်ဆိုင်ရာ ဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီမှ ရေးဆွဲနေပါကြောင်း၊ အမှတ်ပေးစည်းမျဉ်း သတ်မှတ်ဆောင်ရွက်ခြင်းမှာ မသင့်တော်ပါကြောင်း၊ စိတ်ဝင်စားသည့်ကလေး၊ စိတ်မဝင်စားသည့်ကလေးများရှိနိုင်သဖြင့် တိုးတက်မှုအား မှတ်တမ်းယူသည့် ပုံစံမျိုးဖြင့်သာကောင်း၊ သင့်၊ တော်ဟုမှတ်ချက်ပေးရန်ဖြစ်ပါကြောင်း၊ ကာယအားကစားကိုထည့်ရခြင်းမှာ ကလေးငယ်များ ကိုယ်ကာယဖွံ့ဖြိုးမှုရှိအောင်အတွက်သာ ရည်ရွယ်ထားကြောင်း၊
- **ဂိမ်းအလွန်အကျွံကစားခြင်းနှင့်ပတ်သက်၍ ဆွေးနွေးချက်များ**
  - ဂိမ်းအလွန်အကျွံစွဲလမ်းမှုဆိုသည်ကို မည်ကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆိုပါမည်နည်းနှင့် E-sport အား Olympic game တွင် ထည့်သွင်းစဉ်းစားရန်နှင့် ပတ်သက်၍ မေးမြန်းရာတွင် E-sport သည် အလွန်အကျွံမှသာ ပြဿနာအဖြစ်ယူဆသင့်ကြောင်း၊ ဂိမ်းအလွန်အကျွံ

ကစားခြင်းဟု မပြောဆိုဘဲ ဂိမ်းအား စနစ်တကျကစားနိုင်ရေးဟူသော ခေါင်းစဉ်ဖြင့် လုပ်ဆောင်လျှင် ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ policy maker များ အနေဖြင့် game အား အန္တရာယ်တစ်ခုအနေဖြင့် မမြင်သင့်ကြောင်း၊ လူငယ်များအား ၎င်းတို့စိတ်ဝင်စားရာ E-sport အား စနစ်တကျလေ့ကျင့်နိုင်ရေး လုပ်ဆောင်စေလို ကြောင်း၊ E-sport သည် ကြီးမားသည့် ဈေးကွက်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော် အနေနှင့် ဂိမ်းအလွန်အကျွံကစားခြင်းသည် နိုင်ငံအတွက်အန္တရာယ်တစ်ခုဟု ယူဆ သောကြောင့် ပြဿနာဟု သတ်မှတ်ခြင်းဖြစ်ကြောင်းနှင့် အချိန်ကြာမြင့်စွာ မလှုပ်ရှားပဲ နေလျှင် ဆိုးကျိုးများရှိနိုင်ကြောင်းတွေ့ရှိရကြောင်း

- **လူငယ်နှင့်မျိုးဆက်ပွားကျန်းမာရေး**
  - International Youth Day များကိုPolicy maker Level ကပါ ခွင့်ပြုပြီး ဦးဆောင် လုပ်ပေးစေလိုပါကြောင်း၊
  - မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်သည့် မှားယွင်းသိရှိမှုများ ကျောင်းသား၊ ကျောင်းသူများတွင် ရှိနေသောကြောင့် ပညာပေးလုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက စီမံချက်မန်နေဂျာအား တိုက်ရိုက်ဆက်သွယ်နိုင်ပါကြောင်း

- **ကျန်းမာရေးနှင့်ညီညွတ်သောနေ့ထိုင်စားသောက်မှုပုံစံ**
  - ကျောင်းကန်တင်းများမှ အစားအသောက်များအတွက် အစည်းအဝေးခေါ်ပြီး FDA အဖွဲ့အစည်းများက စစ်ဆေးခဲ့ရာ formalin ပါဝင်မှုများသော အစားအသောက်များ တွေ့ရှိခဲ့ရသဖြင့် ၎င်းတို့ကို စနစ်တကျ ထိန်းချုပ်ကြပ်မတ်သင့်ကြောင်း
  - အစားအသောက်များကို အသက်အရွယ်၊ ခန္ဓာကိုယ်၊ အရပ်တို့နှင့် လိုက်လျောညီထွေစွာ စားသောက်နိုင်ရေးအတွက် အစားအသောက်များ၏ ကယ်လိုရီပါဝင်မှုများအား ဖော်ပြနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလိုကြောင်း
- **ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ**
  - ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များအား class A, B, C, D ခွဲပြီး ဆောင်ရွက်မည်ဆိုလျှင် အမှန်တကယ်တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိမိတို့လုပ်ဆောင်နိုင်မည့် အတိုင်းအတာအတွင်း သတ်မှတ်၍ လုပ်ဆောင်လျှင် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊
    - စံပြကျောင်းဆရာများ အသက် ၂၅-၆၅ အတွင်း ဆရာများကို survey လုပ်ခဲ့ကြောင်း

## အကြံပြုဆွေးနွေးချက်များ (Recommendations)

<u>နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏လမ်းညွှန်ချက်</u>

၁။ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် အရက်သုံးစွဲခြင်းစသည့် အန္တရာယ်တို့အတွက် လက်တွေ့ကျကျ ဖြေရှင်းနိုင်ရန်အတွက်နည်းလမ်းရှာဖွေရန်

၂။ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်ဆောင်ရွက်ပေးပါရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ Technicalinputs များပံ့ပိုးကာ Framework, roadmap များ ချမှတ်၍ ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ နီးနွယ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန်

၃။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များစားသုံးခြင်း၊ ဂိမ်းအလွန်အကျွံကစားခြင်း အားလျှော့ချခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားလုပ်ငန်းများ ပိုမိုဆောင်ရွက်စေခြင်း စသည်တို့တွင် ပညာပေးဆောင်ရွက်ရန်

၄။ ဆေးလိပ်နှင့်ဆေးရွက်ကြီးဥပဒေစိုးမိုးရေး၊ လေးစားလိုက်နာရေးတို့သည် အရေးကြီးသည့်အတွက် အားလုံးဝိုင်းဝန်းကူညီရန်

၅။ ဘဏ္ဍာရေးအခက်အခဲနှင့် ကျွမ်းကျင်သောဆရာ/ဆရာမများ မလုံလောက်ခြင်းတို့အပြင် ရပ်ကွက်/ကျေးရွာက ဝိုင်းဝန်းကူညီပံ့ပိုးမှုများ ရရှိရေးအတွက် ဆောင်ရွက်ရန်

၆။ ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးအသိပညာပေးနိုင်သောနည်းလမ်းများဖြစ်သော ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှတဆင့် အသိပညာပေးရာတွင် “ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်”အား စနစ်တကျသင်ကြားပေးရေး အလေးထား ဆောင်ရွက်ရန်

၇။ ဆယ်ကျော်သက်လူငယ်များအတွက် ဆယ်ကျော်သက်လူငယ်များကိုယ်တိုင်ပါဝင်သော သုတေသနစစ်တမ်းများကို ဆောင်ရွက်ရန်

၈။ ကျောင်းများတွင် physical education အတွက် လုံလောက်သောအချိန်ပေးနိုင်ရန်၊ မည်ကဲ့သို့ဆောင်ရွက်ရမည်ကိုပြန်လည်သုံးသပ်ရန်

၉။ မိဘအုပ်ထိန်းသူများအနေဖြင့်လည်း ကျောင်းများတွင် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှု အချိန်နှင့် အနုပညာဘာသာရပ်များကို သင်ကြားနေသည်ကို အားပေးရေးအတွက် မိဘဆရာအသင်းများမှတစ်ဆင့်ညှိနှိုင်းဆောင်ရွက်သွားရန်

၁၀။ ပညာသင်ကြားခြင်းမှာ ကျောင်းသားလူငယ်များ မှန်မှန်ကန်ကန် ချင့်ချိန်သုံးသပ်နိုင်ရန်ဖြစ်သဖြင့် ကိုယ်ရောစိတ်ပါကျန်းမာ၍ ပြီးပြည့်စုံနိုင်သော ကလေးတစ်ယောက်ဖြစ်ရန်အတွက် မိဘများ၏ ခံယူချက်သဘောထားပြောင်းလဲရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းပါအချက်အလက်များအား အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာ ပညာရှင်များပူးပေါင်း၍ Situation analysis, objectives, strategies, activities များချမှတ်၍ မည်သူက မည်သည့်လုပ်ငန်းကို ဆောင်ရွက်ရမည်ကို ဦးစားပေးရွေးချယ်ပြီး စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်ရန်နှင့် လူအင်အားလိုအပ်ချက်၊ ပစ္စည်းအင်အားလိုအပ်ချက်နှင့် အချိန်လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစား၍ ပြောင်းလဲလာသည့် အခြေအနေများနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်ရန်

၂။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူမှုရေးဝန်ကြီးများဦးဆောင်သည့် ကော်မတီများဖွဲ့စည်းဆောင်ရွက်ရန်

၃။ အမျိုးသားကျန်းမာရေးစီမံချက် (၂၀၁၇-၂၀၂၁) (National Health Plan (2017-2021) အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခုနှီးနှောဖလှယ်ပွဲမှ ရရှိလာမည့် ရလဒ်များပေါ်မူတည်၍ စီမံချက်တစ်ခု ချမှတ်ဆောင်ရွက်ရန်

၄။ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေး၊ အားကစား၊ ပညာရေးဦးစီးဌာနမှူးများက အဓိက ဦးဆောင်ပြီး ကျောင်းအုပ်ကြီးများ၊ ဆရာများ၊ မိဘဆရာအသင်း (PTA) များ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များက ပူးပေါင်းပါဝင်ရန်

၅။ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများက ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းများကို ownership ရယူ၍ ဆောင်ရွက်သွားရန်

၆။ ယခုဆောင်ရွက်မည့် စီမံချက်အား ရှေ့ဆက်လက်ဆောင်ရွက်ရာတွင် built in monitoring system ပါဝင်ပြီး ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့တွင် checklist များပြုစုရန်

၇။ ဆောင်ရွက်သည့်လုပ်ငန်းများ၏ output,outcome,impact များကို Implementation Research များပြုလုပ်ရန်

၈။ တက္ကသိုလ်များတွင် ပါမောက္ခချုပ်များ၊ pro-rectors, faculty များအပြင် တက္ကသိုလ်များရှိ ကျောင်းသားသမဂ္ဂအဖွဲ့အစည်းများမှ ဦးဆောင်ရန်

၉။ ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ကျောင်းများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ကျောင်းများပါ ထည့်သွင်းစဉ်းစားရန်

၁၀။ ကျောင်းသား-မိဘ-ဆရာပူးပေါင်း၍ မဟာဗျူဟာနည်းဗျူဟာချမှတ်၍ အောင်မြင်အောင်လုပ်ဆောင်ရန်

၁၁။ တိုင်းဒေသကြီး/ပြည်နယ်နှင့် အမျိုးသားအဆင့်တို့တွင် ကျန်းမာရေးအဆင့်မြင့်ကျောင်းများ Health promoting school ဖြစ်ရန်ဆောင်ရွက်သွားရန်

၁၂။ လုပ်ငန်းဆောင်ရွက်နိုင်မှုများကိုသုံးသပ်ရာတွင် checklist များနှင့် ပထမ(၁)နှစ်သို့ (၁)နှစ်ခွဲအတွင်း ၆ လ တစ်ခါ သုံးသပ်ရန်

၁၃။ နောင်(၁)နှစ်၊ (၁)နှစ်ခွဲအကြာတွင် summative evaluation ပြုလုပ်ရန်

၁၄။ Proactive collaboration လုပ်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ stakeholders, UN/INGOs ပါဝင်ဆောင်ရွက်ရန်၊

၁၅။ ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်(၇)ရပ်နှင့် သက်ဆိုင်သော Program များရှိစီမံချက်မန်နေဂျာများက လုပ်ငန်းများကို အထူးအလေးထားလုပ်ဆောင်ရန်

၁၆။ ကျောင်းမုန့်ဈေးတန်းတွင်ရောင်းသော အစားအစာများအား သန့်ရှင်းလတ်ဆတ်ပြီး အန္တရာယ်ကင်းသော အစားအစာများဖြစ်စေရေးနှင့် ပတ်သက်၍လည်း ဦးစားပေးဆောင်ရွက်ကြရန်

၁၇။ ကျောင်းသား၊ ကျောင်းသူများ စိတ်ကျန်းမာရေးကောင်းမွန်ရန်နှင့် အဘက်ဘက်ကတွေးတောဆင်ခြင်နိုင်ပြီး cognitative development ရရှိရန်အတွက် စစ်တုရင်ကစားခြင်း၊ ကျားထိုးခြင်းတို့ကို အားပေးရန်

၁၈။ စီမံချက်များချမှတ်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လိုအပ်ချက်ပေါ်မူတည်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေး၊ အားကစား၊ ပညာရေးဦးစီးဌာနမှူးများမှ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်

**<u>ပညာရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်</u>**

၁။ အခြေခံပညာကျောင်းများအပြင်၊ တက္ကသိုလ်များ၊ ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးစာသင်ကျောင်းများအထိ ယခုလုပ်ငန်းစဉ်များအား အားလုံးပါဝင်လုပ်ဆောင်သွားရန်

၂။ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းလုပ်သူများကို Monitoring and Evalutaion လုပ်တတ်စေရန်နှင့် အစီရင်ခံစာရေးတတ်စေရန် သင်ကြားပေးရန်

၃။ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်း လုပ်ဆောင်နေသော ကျောင်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသူများအတွက် ဆုချီးမြှင့်သောစနစ်များထားရှိရန်

**ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ**

**<u>ဗဟိုအဆင့်</u>**

၁။ ကျောင်းကျန်းမာရေးမူဝါဒ၊ ဥပဒေများ ရေးဆွဲအကောင်အထည်ဖော်ရန်

၂။ Guidelineများ၊ Standard Operation Procedures များရေးဆွဲရန်

၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ Situation analysis, objectives, strategies, activities များချမှတ်၍ မည်သူက မည်သည့်လုပ်ငန်းကို ဆောင်ရွက်ရမည်ကို ဦးစားပေးရွေးချယ်၍ ကျန်းမာရေးအဆင့်မြှင့်ကျောင်းများအရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာစီမံချက်ကို စနစ်တကျ ရေးဆွဲဆောင်ရွက်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရန်

၄။ အမျိုးသားကျန်းမာရေးစီမံချက် (၂၀၁၇-၂၀၂၁) (National Health Plan (2017–2021) အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယခုနှီးနှောဖလှယ်ပွဲမှ ရရှိလာမည့် ရလဒ်များ ပေါ်မူတည်၍ စီမံချက်တစ်ခု ချမှတ်ဆောင်ရွက်ရန်

၅။ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူမှုရေးဝန်ကြီးများဦးဆောင်သည့် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်

၆။ လိုအပ်သောအရင်းအနှီးများဖြစ်သည့် ဆေးနှင့်ဆေးပစ္စည်း၊ ပညာပေးစာစောင်များ၊ လက်ကမ်းစာစောင်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများပို့ချရန်

၇။ ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်ရာတွင် အားသာချက်များအား ဆက်လက်ထိန်းသိမ်းရန်နှင့် အားနည်းချက်များကို ပြုပြင်ရန်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဘက်စုံသုံးသပ်ခြင်းဆောင်ရွက်ရန်

၈။ ကျောင်းကျန်းမာရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နီးနွယ် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်

၉။ ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်ချက်များအား စောင့်ကြည့်ခြင်းနှင့် သုံးသပ်ခြင်းများအတွက် ဆန်းစစ်ချက်ပုံစံ ပြုစုဖြန့်ဝေရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ဆန်းစစ်ချက်ပုံစံအသုံးပြု၍ တစ်နှစ် (သို့မဟုတ်)(၁၈)လ အကြာတွင် အကဲဖြတ်ဆန်းစစ်ခြင်း ဆောင်ရွက်ရန်

၁၀။ ကျောင်းကျန်းမာရေးလုပ်ငန်းဆိုင်ရာ Summative evaluation အား (၁၈)လ အကြာတွင် ဆောင်ရွက်ရန်

၁၁။ ကျောင်းသား၊မိဘ၊ဆရာများ ညှိနှိုင်းပူးပေါင်း၍ စီမံချက်အောင်မြင်စေရန်အတွက် ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များချမှတ်ရန်

၁၂။ ကျောင်းမုန့်ဈေးတန်းများတွင် အစားအသောက်အန္တရာယ်ကင်းရှင်းရေးအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရန်

၁၃။ စီမံချက်အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နီးနွယ်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန်

၁၄။ ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်အား ကျောင်းသား၊ ကျောင်းသူများအတွက် ကျန်းမာရေးပညာပေးခြင်း နည်းဗျူဟာအဖြစ် သတ်မှတ်၍ အလေးထားသင်ကြားရန်

**<u>တိုင်းဒေသကြီး/ပြည်နယ်အဆင့်</u>**

၁။ လူမှုရေးဝန်ကြီးများဦးဆောင်၍ ကျောင်းကျန်းမာရေးနှင့်ပတ်သတ်သည့် အသိပေးဆောင်ရွက်ခြင်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန်

၂။ မိမိတို့တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များ၏ ပါဝင်မှုဖြင့် ပညာသင်နှစ်အလိုက် ဦးစားပေးဆောင်ရွက်မည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို ဒေသအလိုက်လိုအပ်ချက်ပေါ်မူတည်၍ ဖော်ထုတ်ရန်နှင့် လုပ်ငန်းစဉ်များချမှတ်ရန်

၃။ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ်၍ ၄င်းတို့ကြုံတွေ့ရသည့် လုပ်ငန်းအခက်အခဲများကို လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ရန်

၄။ ကျောင်းကျန်းမာရေးဆောင်ရွက်ချက်များကို ဆန်းစစ်သုံးသပ်ပြီး အားသာချက်များကို ဆက်လက်ထိန်းသိမ်းရန်နှင့် အားနည်းချက်များကိုပြုပြင်ရန်

၅။ ကျောင်းကျန်းမာရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်

**<u>ခရိုင်နှင့်မြို့နယ်အဆင့်</u>**

၁။ ခရိုင်နှင့်မြို့နယ်ကျောင်းကျန်းမာရေးကော်မတီများကဦးဆောင်၍ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်များတွင် ကျန်းမာရေးအဆင့်မြှင့်ကျောင်း အရှိန်အဟုန်မြှင့်တင်ရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်

၂။ မိမိတို့ခရိုင်၊ မြို့နယ်များတွင် ပညာသင်နှစ်အလိုက် ဦးစားပေးဆောင်ရွက်မည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကိုလိုအပ်ချက်ပေါ်မူတည်၍ဖော်ထုတ်ရန်၊လုပ်ငန်းစဉ်များချမှတ်ရန်နှင့် အကောင်အထည်ဖော်ရန်

၃။ နီးနွယ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် ကြုံတွေ့ရသောစိန်ခေါ်မှုများ၊ အခက်အခဲများကို ဖြေရှင်းရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ်ရန်

Photo Documents







NATIONAL SEMINAR ON STRENGTHENING HEALTH PROMOTING SCHOOL
ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး
အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ
"Physically and Mentally Fit Youth for The Brighter Future"
"ကိုယ်စိတ်ကျန်းမာလူငယ်ဘဝ၊ အနာဂတ်တောက်ပနိုင်ငံ့အလှ"
12-13.6.2019
Nay Pyi Taw


NATIONAL SEMINAR ON STRENGTHENING HEALTH PROMOTING SCHOOL
ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး
အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ
"Physically and Mentally Fit Youth for The Brighter Future"
"ကိုယ်စိတ်ကျန်းမာလူငယ်ဘဝ၊ အနာဂတ်တောက်ပနိုင်ငံ့အလှ"
12-13.6.2019
Nay Pyi Taw


NATIONAL SEMINAR ON STRENGTHENING HEALTH PROMOTING SCHOOL
ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး
အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ
" Physically and Mentally Fit Youth for The Brighter Future "
"ကိုယ်စိတ်ကျန်းမာလူငယ်ဘဝ၊ အနာဂတ်တောက်ပနိုင်ငံ့အလှ"
MINISTRY OF HEALTH AND SPORTS


EXIT






NATIONAL SEMINAR ON STRENGTHENING HEALTH PROMOTING SCHOOL
ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး
အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ
" Physically and Mentally Fit Youth for A Brighter Future "
"ကိုယ်စိတ်ကျန်းမာလျှငယ်ဘဝ၊ အနာဂတ်တောက်ပနိုင်ငံ့အလှ"
12-13.6.2019
World Health Organization
Myanmar

